## စာရေးသူ၏ အမှာစာ

စီးပွားရေးလုပ်ငန်းတစ်ခုကို ထူထောင်ပြီဆိုကတည်းက အောင်မြင်ချင်ကြတာ ချည်းပါပဲ။ ဒါပေမဲ့ အောင်မြင်ချင်စိတ်ရှိရုံသက်သက်နဲ့တော့ မအောင်မြင်နိုင်ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း လုပ်ငန်းအသေးလေးတွေကို စိတ်ဆန္ဒပြင်းပြမှုသက်သက်နဲ့လုပ်ဆောင်ပြီး အဆင်မပြေဖြစ်ခဲ့တာမျိုးတွေကို တစ်ကြိမ်ထက်မက ကြုံတွေ့ခဲ့ရဖူးပါတယ်။ အဲဒီလိုမျိုးအဆင်မပြေဖြစ်တဲ့ အခါမှာ ငွေကြေးဆုံးရှုံးရတာအပြင် စိတ်ခံစားမှုမကောင်းတာ၊ လမ်းပျောက်သလိုခံစားရတာ စတဲ့နောက်ဆက်တွဲကိစ္စရပ်တွေကိုပါ အချိန်အနည်းငယ်လောက်ဖြစ်ဖြစ် ရင်ဆိုင်ရတတ်ပါတယ်။ ဒါ့ပြင် အခုလို ပြောင်းလဲမှုတွေအရမ်းကို များပြားလွန်းတဲ့အချိန်မှာ စတင်တည်ထောင်ကာစလုပ်ငန်းတွေတင်မကပဲ အခြေကျနေပြီးသားလို့ ယူဆနိုင်တဲ့လုပ်ငန်းတွေပါ ကျရှုံးမှုတွေနဲ့ ရင်ဆိုင်ရနိုင်တဲ့အနေအထားမျိုးဖြစ်လာပါတယ်။


COVID-19 ဖြစ်ပြီးတဲ့နောက်မှာ လုပ်ငန်းတွေဟာ ပြင်ပအခြေအနေပြောင်းလဲမှုအပေါ် မှာလိုက်ပြီး မဖြစ်မနေလိုက်ပါ ပြောင်းလဲဖို့ လိုအပ်လာပါတယ်။ ဖောက်သည်တွေဟာ လုပ်ငန်းတစ်ခုအပေါ်မှာ အမြဲတမ်းသစ္စာရှိနေဖို့ တာဝန်မရှိပါဘူး။ သူတို့အတွက် ပိုမိုကောင်းမွန်တဲ့ ရွေးချယ်စရာတစ်ခုရှိလာပြီဆိုရင် အဲဒီရွေးချယ်စရာနောက်ကို လိုက်သွားဖို့ပဲ အလားအလာများပါတယ်။ COVID-19 အပါအဝင် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုတွေ ကြုံတွေ့ရတဲ့အချိန်မျိုးမှာ လုပ်ငန်းရှင်တွေအနေနဲ့ ပြင်ပကိစ္စရပ်တွေကိုပဲ အာရုံစိုက်နေပြီး လုပ်ငန်းအဆင်မပြေရတာဟာ အဲဒါတွေကြောင့်လို့ပဲ ယူဆနေတဲ့အတွက် မိမိကိုယ်တိုင်နဲ့ လုပ်ငန်းအတွင်းမှာ ပြုပြင်ပြောင်းလဲနိုင်မယ့်အခွင့်အလမ်းတွေကို လက်လွတ်ဆုံးရှုံးရသလိုမျိုး ရင်ဆိုင်ရနိုင်ပါတယ်။

လုပ်ငန်းတစ်ခုအဆင်မပြေဖြစ်ဖို့အတွက် အနည်းဆုံးအကြောင်းတရားသုံးခုလိုအပ်ပါတယ်။ တစ်ခုကတော့ ပြင်ပမှာ ဖြစ်ပေါ်နေတဲ့အခြေအနေတွေရဲ့ သက်ရောက်မှုတွေဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လုပ်ငန်းတွင်းမှ အဖွဲ့သားတွေနဲ့ ဌာနအသီးသီးရဲ့ လုပ်ငန်းလည်ဆောင်ပုံဖြစ်ပါတယ်။ နောက်ဆုံးတစ်မျိုးကတော့ လုပ်ငန်းဦးဆောင်သူအဆင့်ဆင့်ရဲ့ ဦးဆောင်နိုင်စွမ်းဖြစ်ပါတယ်။ သင်သာလုပ်ငန်းထဲမှာ ဦးဆောင်မှုရာထူးတစ်ခုခုကိုယူထားသူဆိုရင် သင့်လုပ်ငန်းကောင်းစွာလည်ပတ်နိုင်ဖို့အတွက် သင်အာရုံစိုက်ရမှာက ဒုတိယနဲ့တတိယအကြောင်းရင်းတွေဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြင်ပက ကိစ္စရပ်တွေကို သင်ထိန်းချုပ်နိုင်စွမ်းမရှိပါဘူး။ သင့်ကိုယ်သင်နဲ့ သင့်အဖွဲ့အစည်းကို အခြေအနေနဲ့လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲခြင်းနဲ့သာ အကောင်းဆုံးတုံ့ပြန်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ Breakthrough အနေနဲ့ "အခက်အခဲကာလတွင်ဦးဆောင်ခြင်း" ဆိုတဲ့ Breakthrough Coach တွေ စုစည်းရေးသားထားတဲ့ စာအုပ်နဲ့ "ခေါင်းဆောင်မှုခရီးစဉ်" ဆိုတဲ့ ကျွန်တော်တစ်ယောက်တည်းရေးသားထားတဲ့စာအုပ်နှစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ အခု **"စီးပွားရေးလုပ်ငန်းတွေ ဘာကြောင့်ကျရှုံးရတာလဲ"** ဆိုတဲ့စာအုပ်ထဲမှာ စီးပွားရေးလုပ်ငန်းတွေကျရှုံးစေတဲ့အကြောင်းရင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်လေ့လာထားခဲ့တဲ့စာအုပ်တွေ၊ သက်ဆိုင်ရာဝက်ဘ်ဆိုက်တွေက ဆောင်းပါးတွေ၊ သင်တန်းတွေကနေ လေ့လာခဲ့တဲ့သင်ခန်းစာတွေ၊ ကိုယ်တိုင်ရရှိခဲ့တဲ့ကိုယ်တွေ့အဖြစ်အပျက်တွေကိုပေါင်းစပ်ပြီး ဝေမျှထားခြင်းဖြစ်ပါတယ်။ ဒါ့ပြင် စာအုပ်ရဲ့နောက်ဆုံးအပိုင်းမှာ "ဦးဆောင်သူတွေအနေနဲ့ အောင်မြင်မှုကိုရရှိအောင် မည်သို့လုပ်ဆောင်နိုင်သလဲ" ဆိုတဲ့ဆောင်းပါးနဲ့ ဦးထွန်းထွန်းနိုင် (Blue Ocean) နှင့်တွေ့ဆုံးခြင်းဆောင်းပါးတွေကိုပါ "အခက်အခဲကာလတွင်ဦးဆောင်ခြင်း" စာအုပ်ကနေ ကောက်နုတ်ပြီးပြန်လည်ထည့်သွင်းပေးထားပါတယ်။

ဒီစာအုပ်ပါအကြောင်းအရာတွေဟာ စီးပွားရေးလုပ်ငန်းဦးဆောင်သူတွေအတွက် ပြီးပြည့်စုံတဲ့ စီးပွားရေးအသိပညာများကို ဝေမျှဖို့ထက် လိုအပ်ချက်တွေကို အစထုတ်မိပြီး အားနည်းနေတဲ့ကဏ္ဍတွေမှာ ဆက်လက်လေ့လာနိုင်ဖို့အတွက်ကို ရည်ရွယ်ပါတယ်။ စာအုပ်ကိုဖတ်ရှုရာမှာ စာအုပ်ရဲ့အခန်းတစ်ခန်းချင်းရဲ့နောက်မှာပါတဲ့ မေးခွန်းတွေကို မပျက်မကွက်ဖြေကြားဖို့ တိုက်တွန်းချင်ပါတယ်။ မေးခွန်းတစ်ခုအတွက် အဖြေအနည်းဆုံး ၅ ခု လောက်ရေးဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖြေ ၂ ခု၊ ၃ ခုအထိကို သင်မစဉ်းစားရဘဲ ဖြေဆိုနိုင်မှာဖြစ်ပြီး ၅ ခုပြည့်အောင် ဖြေဆိုတဲ့အချိန်မှာသာ သင်အရင် မစဉ်းစားဖူးတဲ့ အကြံဉာဏ်အသစ်တွေ ထွက်လာစေလို့ပဲဖြစ်ပါတယ်။ ဒါ့ပြင် အခုစာအုပ်မှာပါတဲ့အကြောင်းအရာတွေကို ပိုမိုပြည့်စုံစွာ ချိတ်ဆက်လေ့လာနိုင်ဖို့အတွက် ယခင်ထုတ်ဝေထားတဲ့ **"အခက်အခဲကာလတွင် ဦးဆောင်ခြင်း"** စာအုပ်၊ **"ခေါင်းဆောင်မှုခရီးစဉ်"** စာအုပ်တွေကို ဖတ်ရှုပါက စာဖတ်သူမိတ်ဆွေအတွက် ပို၍အကျိုးများနိုင်ပါတယ်။ စာဖတ်သူမိတ်ဆွေများအားလုံး အခက်အခဲကာလအသီးသီးကို ကောင်းစွာကျော်ဖြတ်နိုင်ပြီး မိမိနဲ့ဆက်စပ်နေတဲ့လုပ်ငန်းအဖွဲ့အစည်းတွေကို အကောင်းဆုံးဦးဆောင်နိုင်ပါစေကြောင်း Breakthrough Coaching, Training & Consulting ကိုယ်စား ဆုမွန်ကောင်းပို့သအပ်ပါတယ်။

❐




## မာတိကာ


**ဦးထွန်းထွန်းနိုင် (Blue Ocean) ၏ အမှာစာ**

**စာရေးသူ၏ အမှာစာ**

**ကျေးဇူးတင်လွှာ**

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

စာမျက်နှာ

**အပိုင်း (၁)**

**စီးပွားရေးလုပ်ငန်း မအောင်မြင်ရခြင်းအကြောင်းရင်းများ** ၃

- အစီအစဉ်ရေးဆွဲထားမှုမရှိခြင်း ၇
- မတူကွဲပြားခြားနားမှုမရှိခြင်း ၁၇
- ခေါင်းဆောင်မှုအရည်အချင်း အားနည်းခြင်း ၂၇
- ဖောက်သည်များကို လျစ်လျူရှုခြင်း ၃၅
- အမှားတစ်ခုကို ထပ်တလဲလဲမှားခြင်း ၄၃
- စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း ၅၁
- လည်ပတ်ငွေမလုံလောက်ခြင်း ၆၁
- အချိန်မတန်ခင် လုပ်ငန်းချဲ့ထွင်မိခြင်း ၆၉
- နေရာအရွေးမှားခြင်း ၇၇
- အမြတ်မရှိခြင်း ၈၅
- ကုန်ပစ္စည်းလက်ကျန်စီမံခန့်ခွဲမှု ၉၃
- ညံ့ဖျင်းသော ငွေကြေးစီမံခန့်ခွဲမှု ၁၀၁
- အာရုံစူးစိုက်မှုမရှိခြင်း ၁၀၉
- လုပ်ငန်းကပိုက်ဆံကို ကိုယ်ရေးကိုယ်တာအတွက်ယူသုံးခြင်း ၁၁၇
- ပတ်ဝန်းကျင်၏ သက်ရောက်မှုများ ၁၂၅
- ဆက်ခံခြင်းအစီအစဉ် (Succession Planning) မရှိခြင်း ၁၃၃
- မှားယွင်းတဲ့လုပ်ဖော်ကိုင်ဖက်ကို ရွေးချယ်မိခြင်း ၁၄၁

**အပိုင်း (၂)**

**သင့်လုပ်ငန်းတိုးတက်ပြောင်းလဲအောင် လုပ်ဆောင်နိုင်မယ့် အကြံပြ ချက်များ** ၁၅၁

**အပိုင်း (၃)**

**အောင်မြင်တဲ့ဦးဆောင်သူတစ်ယောက် ဖြစ်လာအောင် ဘယ်လိုလုပ်မလဲ (Leadership Success Blueprint)** ၁၈၉

**ဦးထွန်းထွန်းနိုင် (Blue Ocean) နှင့် တွေ့ဆုံခြင်း** ၂၁၅

**နိဂုံး** ၂၄၅